


မြမလိုင်
လုံးချင်းဝတ္ထုသစ်
အချစ်ကျွန်း
MAUNG MAUNG THIKE

* ပုပ္ပါးကပြန်၊ ပန်ချင်တယ်
သဇင်ပန်းဆိုလို့
ဆင်မြန်းကာပေး
ပေးပါသော်၊ ခင်လေးသော်မော်က
ပြောင်ချော်ချော်၊ အမူဆန်းရယ်နဲ့
သဇင်ဟာ လွန်စွာနွမ်းတယ်လို့
လက်လှမ်းကာ၊ ပြန်ကာပေးတယ်
တွေးရခက်သေး။ ။
ရှေးရေး

သဲခင်းသာဝယ်
သီတာကြည်လဲ့ ငှက်သံနွဲ့နှင့်
လွမ်းဘွဲ့မြိုင်ခြေ မြူခိုးဝေခဲ့။

... ဟု ဆရာတော် ရှက်ဥတ္တမကျော်က ပေါင်းလောင်းမြစ်ကမ်းဘေး ရောက်ရှိစဉ်က စာဖွဲ့ခဲ့သည် ။ ယခုလို ယင်းကျောင်း မြစ်ကမ်းနံဘေးကို ဆရာတော် ရောက်ရှိခဲ့မည်ဆိုပါက မည်ကဲ့သို့ များ စာဖွဲ့လေးဦးမည်န

ည်း။

ခင်ချစ်ချစ်ခိုင်ရင်၌ ခံစားမှု ရသပေါင်းစုံတို့ ရောပြွမ်း လာလေသည် ။

ပတ်ဝန်းကျင်၏ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ အလှတရားတို့ သည် ခင်ချစ်ချစ်ခိုင်၏ ရင်ကို ရသပေါင်းစုံ နိုးထလာစေရန် ပြုစားလျက်ရှိသည် ။

ဝမ်းနည်းကြေကွဲခြင်းလော၊ ကြည်နူးခြင်းလော၊ သတိရတမ်းတခြင်းလော၊ ကြည်မွေ့ယစ်မူး ခြင်းလော။

ဘာကိုမှ ဝေခွဲမရ။ ရင်ထဲ၌ ခံစားနေရသော ဝေဒနာကို ထွက်ပေါက်ပေးလိုက်ချင်ပါသည် ။ သို့ဆို ပါလျှင် ထိုဝေဒနာသည် မိမိရင်အား ဝန်ထုပ်ဝန်ပိုးကြီးအဖြစ် နှိပ်စက်ကလူပြုလျက်ရှိခြင်းကြောင့် ပင်လား။

သဲခင်းမွမွက ခင်ချစ်ချစ်နိုင် ခြေဖဝါးကို တိုးဝှေ့ကာ ကလူကျီစယ်နေသည် ။ ဖိနပ်ကို အရီးတို့ စိုက်ခင်းဘေး ချွတ်ထားခဲ့ပြီး လျှောက်လှမ်းနေမိသည် ။ အဝေး၌ အရီးတို့ မှုန်ရီဝေဝါးစွာ ကျန်ရစ်ခဲ့ ကြသည် ။

ရင်တွင်းမဆန့်သော ဝေဒနာကို ဖွင့်ချ လိုက်ချင်သဖြင့် ရှင်းသန့်ပွရွနေသည့် သဲခင်းဝယ် ဒူးထောက်ထိုင်ချလိုက်သည် ။

သဲမြေများကို ညီညာအောင် လက်နှင့် အသာသပ်လိုက်သည် ။ ထို့နောက် လက်ညှိုးကိုသုံးကာ အလွမ်းဘွဲ့ကို စာတင်လိုက်မိသည် ။

ရော်တောင်နံဘေး

ယင်းချောင်းလေးဝယ်

သဲခုံကြယ်ပွင့်

မယ်လွမ်းဆင့်၍

သခင့်တမ်းရှင့်

.........ဟု ။

ရစ်ဝဲလာသော မျက်ရည်စတို့ ကို ခေါင်းမော်ကာ မာန်ဖြင့် သိမ်းဆည်းလိုက်သည် ။

မြူခိုးဝေနေသော ရော်တောင်တန်းလေးက အလွမ်းကူကာ အဖော်ညှိပေးနေသလား ထင်မှတ် မှားရသည် ။

ငြိမ့်ငြိမ့်ကလေး စီးဆင်းနေသော ယင်းချောင်းလေးက နှစ်သိမ့်သံစဉ်လေးများ တီးခတ်ပေးနေ လေရော့လား။

ရင်တွင်း ပွင့်ထွက်မတက် ခံစားနေရသော ဝေဒနာအစုစုကို 'သက်ဆိုင်သူ'သည် ဖောက်ထွင်း သိမြင်နိုင်စွမ်း ရှိပါလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

မိမိခံစားမှုဖြင့် ရေးဖွဲ့ထားသော ကဗျာရှေ့ပုဆစ်တုပ်ထိုင်နေရာမှ ထလိုက်သည် ။ ကဗျာလေးကို နောက်တစ်ချီ ပြန်ဖတ်အပြီးတွင် မာနဖြင့်ချုပ်နှောင်ထားသော ပုလဲမျက်ရည်ဥတို့ အနှောင်အဖွဲ့မှ ဖွတ်ရုန်းခုန်ပေါက်လာသည် ။

ယင်းချောင်းလေးနှင့် အပြိုင် အလွမ်းမျက်ရည်ချောင်းလေး ဖြစ်ထွန်းသွားပြီ။

ခင်ချစ်ချစ်ခိုင် တွယ်ရာမဲ့ လွင့်ပါးသွားသည် ။

သဲခုံနှင့်ခြေဖဝါး ထိတွေ့မှုကိုလည်း ခံစား မသိမြင်နိုင်တော့။

ရော်တောင်ကိုလည်း မေ့သွားပြီ။

ယင်းချောင်းလေးကိုလည်း ဥပေက္ခာပြုလိုက်သည် ။

သဲသောင်ခုံထက် တွယ်ရာမဲ့ လွင့်မျောရုပ်တိုက် လွင့်ပါးနေသော ရွက်ဝါလေးနှယ် ခင်ချစ်ချစ်နိုင် ရွေ့လျားနေမိသည် ။

မေတ္တာတရားကို တန်ဖိုးထားတတ်သော မိန်းမသားများ သည် အစွဲအလမ်း ကြီးမားကြသည် ကို သူကတော့ သိမည်မထင်။

'သူ'သိအောင်လည်း ပြောခွင့်သာတော့မည် မဟုတ်ပါ။

ကမ္ဘာဦးအစ လူသားရယ်ဟု စတင်ကတည်းက မိန်းမသားများ သည် အချစ်နှင့်ပတ်သက်၍ အကျဉ်းချထားခြင်း ခံခဲ့ရသည် ပင်။

အချစ်အကျဉ်းသားသက်သက် မိန်းမသားများ ၏ ရင်တွင်းခံစားချက်ကို 'သူ'သိအောင် မည်ကဲ့သို့ ဖွင့်ပြောရမည်နည်း။ လွန်သွားလေပြီ။

မှုန်ရီဝေဝါးသောအမြင်ကို သဲကွဲစေရန် ကုတ်အင်္ကျီအိတ်ကပ်တွင်းမှ လက်ကိုင်ပဝါလေးကို နှိုက်ယူလိုက်သည် ။

ရင်မှ ရှုတနာကျင်သွားသည် ။

ဤလက်ကိုင်ပဝါလေးသည် ခင်ချစ်ချစ်ခိုင် နှလုံးသားကို ထာဝရ ထုတ်ပိုး ချည်နှောင်ထားနိုင် လိမ့်မည်ဟု ထိုစဉ်ကသာသိခဲ့ပါလျှင် အမှတ်တရ သိမ်းဆည်းထားမိလိမ့်မည် မဟုတ်ပါ။

ယခုတော့ ...

မျှော်လင့်ခြင်းဟူသော ကမ်းစကိုမမြင်နိုင်သည့် အလွမ်းသမုဒ္ဒရာတွင်းမှ အချစ်ကျွန်းမှာ မိမိ တစ်ယောက်တည်း။

ဟုတ်ပါသည် ။

ခင်ချစ်ချစ်ခိုင် တစ်ယောက်တည်းပါ။

လက်ကိုင်ပဝါခေါက်ကလေးကို အသာ နမ်းရှိုက်လိုက်သော်လည်း မျ

က်ရည္စ စွန္းထင္းမွာ စိုးရိမ္ သျဖင့္ အိတ္ကပ္အတြင္း ျပန္ထည့္လိုက္သည္ ။

ထိုလက္ကိုင္ပ၀ါေလးသည္ ႏွလုံးသားႏွင့္ အနီးကပ္ဆုံး၌ ထာ၀ရကိန္း၀ပ္၍ မိမိအား အျမဲတေစ ေခ်ာက္လွန္႔ေနဦးမည္သာ။

လႊင့္ပစ္လိုက္လွ်င္ ေကာင္းမည္လား။

အို ... ကိုယ့္ႏွလုံးသားကို ကိုယ္လႊင့္ပစ္ျခင္းသည္ ျဖစ္ႏိုင္ေသာ အလုပ္တစ္ခုမဟုတ္။

အသက္ႏွင့္ခႏၶာတည္သေရြ႕ သူ၏ အမွတ္တရေလးသည္ ခင္ခ်စ္ခ်စ္ခိုင္ ႏွလုံးသား၌ ထာ၀ရ ထာ၀ရတည္ရွိေနရမည္။

ယင္းေခ်ာင္းနံေဘး သဲခုံမြမြေလး၀ယ္ ေသာကမ်က္ရည္စက္တို႔ အလြမ္းကမၺည္း တင္ရစ္ၾကေလ ၿပီထင့္။

ခင္ခ်စ္ခ်စ္ခိုင္ မ်က္ရည္မသုတ္ႏိုင္ေတာ့ပါ။ အလြမ္းမ်က္ရည္တို႔ ကိုသုတ္လိုက္၍ ေခ်ာက္ခ်ား သြားရုံမွ်ႏွင့္ အခ်စ္ကၽြန္းက လြတ္ေျမာက္သြားလိမ့္မည္မွ မဟုတ္ေပဘဲ။

စီးပါေစ။ ခင္ခ်စ္ခ်စ္ခိုင္ မသုတ္ပါ။ သက္ဆိုင္သူကေပးလာခဲ့သမွ် ေ၀ဒနာအရပ္ရပ္တို႔ ကို ရင္မွာ စူးနင့္စြာခံစားရင္းျဖင့္သာ ...

## အပိုင္း(၁)

## အခန္း(၁)

"ချစ်ငယ်လေး ဘယ်သူ့မွေးနေ့လဲ"

"ဟာ ... မေးပြန်ပြီတစ်ယောက်၊ အိမ်က မထွက်မချင်း မေးလို့ ကို ဆုံးမှာ မဟုတ်ဘူး ၊ မြန်မြန်သွားမှ "

ကိုကိုကြီးအမေးကို ပြုံးစူဟန်ဖြင့် ခင်ချစ်ချစ်ခိုင် ပြောလိုက်သည် ။

ကိုကိုကြီးက ကျေနပ်သော၊ ခွင့်လွှတ်သောအပြုံးနှင့် ပြုံးကာ ခင်ချစ်ချစ်ခိုင်ခေါင်းကို ချစ်စနိုး ပုတ်လိုက်သည် ။

"မသိလို့ မေးတာပေါ့ဟဲ့ ဝက်ပုတ်မလေးရဲ့ ၊ ဘယ်ဒရိုင်ဘာကို ချော ဆွဲထားပြီးပြီလဲ၊ ဘယ်အချိန် ပြန်လာမှာ လဲ"

"မေးခွန်းတွေကလည်း နော် ...၊ ဒါကြောင့် လူပျိုကြီးဖြစ်နေတာ၊ ယူ ပါဆိုတော့လည်း မယူဘဲ အိမ်မှာ ပဲ အဘိုးကြီးလို လျှောက်ပူနေတယ်"

"ဟဲ ... ဟဲ ... ငါယူသွားမှ မျက်ရည်သုတ်မနေကြနဲ့ ၊ ဖြေစမ်းပါ ဝက်ပုတ်မလေးရာ"

ခင်ချစ်ချစ်ခိုင် မဖြေလျှင်မဖြစ်တော့။ ဖြေမှ ဖြစ်မည်။ ကိုကိုကြီး၏ ပူပန်တတ်မှုကိုလည်း မိမိက သိနေသည် ။ မိမိကလည်း ဆိုးလို့ ရ၍ တမင်ဆိုးနွဲ့ခြင်းဖြစ်သည် ။

"တာရာဒေဝီ မွေးနေ့၊ ကိုလတ်ပို့ပေးမယ်၊ ကိုးနာရီ ကိုလတ်ပဲ ပြန်ကြိုမယ်"

"ဧည့်မြောင်လိုက်လို့ မရဘူးလား"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ အစ်ကိုတွေ ဒီလောက် အနားကပ်နေမှ တော့ ဘယ်ဘဲက လာကြိုက်ရဲ တော့မှာ လဲ၊ ကျောင်းသာပြီးသွားတယ်၊ ခုထက်ထိ ရည်းစားဆို မူးလို့ ရှူစရာတောင် မရှိလိုက်ဘူး၊ ဘယ်လော

က်အောက်သလဲ"

"ငါ ခေါက်ထည့်လိုက်ရ၊ ရည်းစားဆိုတာ မူးရင်ရှူရတယ်လို့ ညည်းကို ဘယ်သူက ပြောသလဲ"

"ဒီလိုပဲ ပါးစပ်ထဲ တွေ့ကရာစွပ်ပြောတာပေါ့၊ ကိုလတ်ရေ ... သွားတော့မယ်၊ မြန်မြန်စားပါ၊ ဒီမှာ နားပူလို့ သေတော့မယ်"

"သူကပဲ တစ်ပြန်စီး"

ခင်ချစ်ချစ်ခိုင် လျှာထုတ်ပြောင်ပြလိုက်သည်။ အစ်ကိုသုံးယောက်၏ တစ်ဦးတည်းသော ညီမလေးဖြစ်ရခြင်းကို ခင်ချစ်ချစ်ခိုင် အကျေနပ်ကြီးကျေနပ်ပါသည်။

"ဟ ... မိတယ်ကွာ၊ ချစ်ငယ်လေးက အပြတ်ရှိုင်းထားပါလား၊ စနိုးပို့ကလေး"

ကိုကိုငယ်က အပြင်မှ ပြန်လာရာမှ ခင်ချစ်ချစ်ခိုင်ကို တွေ့သွားပြီး ခြေဆုံးခေါင်းဖျားကြည့်ကာ ခေါင်းကို တစ်ချက်ခေါက်လိုက်ပြန်သည်။

"သေချင်တယ် ... သေချင်တယ်၊ အစ်ကိုတွေနဲ့ နေရတာ ခေါင်းတွေထူပူလှပြီ၊ သူတို့ မိန်းမတွေ မဟုတ်တိုင်း လူကို ခေါက်ပဲ ခေါက်နေတာပဲ"

အသည်းပိုကာ ခင်ချစ်ချစ်ခိုင် အော်လိုက်သည်။ ထိုအခါ သားများ နှင့် သမီးချောလေးကို အရိပ် တကြည့်ကြည့်ကြည့်နေသော ဦးသက်ခိုင်က ...

"သားတို့ ကလည်း သွားကာနီး လာကာနီး ညီမလေးကို စိတ်ညစ်အောင် မစကြနဲ့ လေ။

"အလကား ဖေဖေ့သမီးက ချစ်လို့ စတာကို အကဲပါနေတာ၊ ဖွဖွလေးခေါက်တာကို၊ ပြင်ထား လိုက်တာကလည်း ဘိုးတော်ဘုရားလက်ထက်က ရုပ်ကြွင်းကြီးကျနေတာပဲ"

"ကိုကိုငယ်နော် ... ငိုလိုက်မှာ ၊ သူများ ဝတ်စုံကို သောင်းကျော်တောင် ကုန်ထားရတာ"

"မြတ်စွာဘုရား၊ တို့ တော့ ဒေဝါလီ ခံရကာနီးပြီထင်တယ်၊ အဖြူရောင်များ ထုံးသုတ်လိုက် လည်း ပြီးတာပဲ"

"ကြည့် ... ကိုကိုငယ့် မိန်းမကျမှ သုတ်ပေး၊ ဖေကြီး ကြည့်နေတော့မှာ လား ချစ်ငယ် စိတ်ညစ် လာပြီ"

"သားငယ် ...တော်ပြီကွာ"

ဦးသက်ခိုင်က ပြုံးပြုံးကြီးနှင့် သမီးအလိုကျ ဟန့်တားရှာသည် ။

"အောင်မယ်လေး ... ထမင်းစားရတာတောင် နင်တယ်၊ ငါ့ညီမလေး အသံတွေက စူးနေလို့ "

"ကိုကိုလတ်ကြာနေလို့ ဒီမှာ ချစ်ငယ်ကို ဝိုင်းစနေတယ် လာ ... သွားမယ်၊ ဖေကြီး .... သွား မယ်နော်"

"အေး ... အေး၊ ကိုးနာရီတိတိ လာကြိုခိုင်းမယ်နော်၊ ချစ်ငယ်လေး"

"ဟုတ်"

ခင်ချစ်ချစ်ခိုင် ဆင်းသွားရာသို့ ကိုကိုကြီး၊ ကိုကိုလတ်နှင့် ကိုကိုငယ်ပါ လိုက်ဆင်းလာသည် ။ ပြီးတော့ သူတို့ ပင် ခင်ချစ်ချစ်ခိုင်ဝင်ဖို့ ကားတံခါးကို လု၍ ဖွင့်ပေးသည် ။

ခင်ချစ်ချစ်ခိုင် ချစ်စဖွယ် မျက်စောင်းနှင့် ကျေနပ်စွာ ကားထဲဝင်ထိုင်

လိုက်သည် ။

အစ်ကိုများ ၏ ချစ်ခင်ယုယ အလိုလိုက်မှုကပင် ခင်ချစ်ချစ်ခိုင်၏ ဘဝကို အကျဉ်းချထားခြင်း တစ်မျိုးပင် ဖြစ်သည် ။

ခင်ချစ်ချစ်ခိုင်သည်  အပေါင်းအသင်း အလွန်နည်းပါးကာ အိမ်ကိုခင်တွယ်သော အဖေနှင့် အစ်ကိုများကိုသာ အားထားချစ်ခင်တတ်သော မိန်းကလေးအဖြစ် ကြီးပြင်းခဲ့သည် မှာ .... အသက် နှစ်ဆယ့်တစ်နှစ်ကျော်လာသည် အထိပင်။

အစ်ကိုများကလည်း တစ်ဦးတည်းသော ညီမလေးကို အသည်းအူတုန်မျှ ချစ်ကြသည် ။

ညီမလေးကို ဆံပင်အရှည်ထားကာ ပိုးမွေးသလို မွေးခဲ့သည် ။ ခေါင်းလျှော်လည်း သူတို့ ပါသည် ။ အုန်းဆီထည့်လည်း သူတို့ ပါသည် ။ ခေါင်းဖြီးလည်း သူတို့ ပါသည် ။ ထို့ကြောင့် ခင်ချစ်ချစ်ခိုင်သည် ဆံပင်တစ်ရပ် လူတစ်ရပ်ဖြစ်နေသည် ။

မိခင်သည် ခင်ချစ်ချစ်ခိုင်ကို မွေးဖွားရင်း သေဆုံးသွားခဲ့သဖြင့် မိတဆိုးလေး ခင်ချစ်ချစ်ခိုင်ကို သာအားလုံးက ဝိုင်းပြုစုယုယရင်း အသနားပို ... အချစ်ပိုခဲ့ကြသည် ။

ငယ်စဉ်က လက်ပေါ်က မချတမ်း ချီပိုးခဲ့သော အစ်ကိုများ သည် အရွယ်ရောက်ပြန်တော့လည်း မျက်စိအောက်က အပျောက်မခံကြ။

တက္ကသိုလ်ကျောင်းသူဘဝ ရောက်သည့်တိုင် ကျောင်းကြိုကျောင်းပို့ကို အားသည့်အစ်ကိုက အလှည့်ကျ တာဝန်ယူသည့်အပြင် Timetable ယူထားပြီး အားသည့် အချိန်ဆိုလျှင် သူတို့ ရောက်လာ ကာကင်တင်းသို့ သူတို့ ကိုယ်တိုင် လိုက်ပို့ပြီး ဝယ်ကျွေးခဲ့သည် ။

ဝတ်စားဆင်ယင်မှုအတွက်လည်း အစ်ကိုတွေကပင်။ လုံခြုံလှပသော မရိုးမဆန်း ဖက်ရှင်လေး များကိုသာပြ၍ ညီမအတွက် သူတို့ ကိုယ်တိုင် လိုက်အပ်ချုပ်ပေးခဲ့သည် ။

ထို့ကြောင့် ခင်ချစ်ချစ်ခိုင်ဘဝသည် အိမ်ရှိဖခင်နှင့်အစ်ကိုများမှ တစ်ပါး အခြားတွယ်တာစရာမရှိ ခဲ့ပါချေ။

"ချစ်ငယ်လေး"

"ရှင် ..."

"ကိုကိုလတ် နေပေးရဦးမလား"

"မနေပါနဲ့ ရပါတယ်၊ ကိုကိုလတ် ကြောင်နေမှာ ပေါ့"

"ဖြစ်တယ်နော် ... ဒါဖြင့် ကိုကိုလတ် ကိုးနာရီတိတိ လာကြိုမယ်"

"ဟုတ်"

ခင်ချစ်ချစ်ခိုင် ကားပေါ်မှ ဆင်းလိုက်သည် ။

"လာချစ်ချစ်"

ကျောင်းနေဖက် သူငယ်ချင်းများက လာရောက်ကူညီဩ့ခံပေးနေသဖြင့် ခင်ချစ်ချစ်ခိုင် မကြောင်တော့၊ အားတက်သွားသည် ။

"ချစ်ချစ်ကို လူရှင်းတဲ့ စားပွဲတစ်ခုမှာ နေရာချပေးမယ်"

"ကောင်းတာပေါ့"

မြစိမ်းက ခင်ချစ်ချစ်ခိုင် လက်ကိုဆွဲကာနေရာချပေးသည် ။ တီးဝိုင်းနှင့် ကပ်လျက်ဖြစ်သည် ။

"ကြည့်စမ်း ... ဒီကအဟုတ်မှတ်လို့ "

ချစ်စနိုး မျက်စောင်းကလေးထိုးကာ ခင်ချစ်ချစ်ခိုင် ကုလားထိုင်တစ်လုံး ဆွဲထိုင်လိုက်သည် ။

"နေပါဦး ... ရွှေမြစိမ်းရဲ့ ၊ မွေးနေ့ရှင်က ဘယ်မှာ လဲ၊ ဒီမှာ သူ့အတွက် မွေးနေ့လက်ဆောင်ပေး မလို့ ဟာ"

"လာပါလိမ့်မယ် ...၊ ရွှေမင်းသားနား သွားရစ်ဝဲနေမှာ ပေ့ါ"

"ဇော်ကိုလေ"

"ဩော်"

အဆိုတော် ရုပ်ရှင်နှင့် ဗွီဒီယိုမင်းသား "ဇော်ကို"ကိုတော့ ခင်ချစ်ချစ်ခိုင် တီဗွီမှန်သားပေါ်မှာ ရင်းနှီးပြီးသားဖြစ်သည် ။

"သူနဲ့ တာရာက ဆွေမျိုးနီးစပ်တော်တယ်၊ သူ့သီချင်းနှစ်ပုဒ် သုံးပုဒ်လောက် ဆိုပေးလိမ့်မယ် ဒါကြောင့် ကိုယ်တို့ ဒီစားပွဲမှာ နေရာယူထားတာပေ့ါကွ၊ အော်တိုရေးခိုင်းရမယ်၊ မိတာရာကတော့ မိတ် ဆက်ပေးမယ် ပြောတာပဲ"

ခင်ချစ်ချစ်ခိုင်စိတ်ထဲ ရှက်ရွံ့သကဲ့သို့ ခံစားလိုက်ရသည် ။ သူမသည် မင်းသား မင်းသမီး အဆိုတော်တို့ ကို အနီးကပ် မတွေ့မြင်ဘူးပါချေ။ မိတ်ဆက် အကျွမ်းတဝင်ရှိရမှာ ကိုပင် ရှက်ရွံ့သကဲ့သို့ ခံစားရသည် ။

"ဒီပြင့်ဝိုင်းသွားထိုင်ချင်တယ်ကွာ"

"နေစမ်းပါ ချစ်ချစ်ရာ ... မင်းကလည်း တုံးလိုက်တာ၊ ဒီလိုနေရာမျိုးရအောင် တမင် စောစော လာယူထားရတာကွ"

မြစိမ်း၊ ဒေလီယာ၊ ယင်းမာ၊ ဖြူဖြူနှင့် သူမတို့ ငါးယောက်စားပွဲဝိုင်းတွင် သူမတစ်ယောက် တည်း ရိုးသားစွာ ဝတ်ဆင်ထားသည် ။ လွန်းသုံး

ရာချိတ် အဖြူခံပေါ်တွင် ရောင်စုံချိတ်အဆင်ဆန်းနှင့် အဖြူရောင် ပိုးသားအင်္ကျီသာ ဝတ်ဆင်ထားသည် ။ ဆံပင်ကို တစ်ပတ်လျှို ထုံးပြီးသည့်တိုင်အောင် နက်မှောင်အိထွေးသော ဆံပင်ကား ခြေဖနောင့်၌ ရစ်ဝဲနေသေးသဖြင့် ရှေ့ဘက်သို့ ချထားရသည် ။ နှင်းဆီဖြူတစ်ပွင့်တည်းသာ ပန်ထားသည် ။

ခေတ်ပေါ်ဖက်ရှင်ဆန်းများ ဖြင့် အလှကြီးလှနေကြသော သူငယ်ချင်းများ အလယ်တွင် ခင်ချစ်ချစ်ခိုင်သည် တစ်မူဆန်းနေသည် ။

ရိုးသားခြင်းသည် ထာဝရ ဆန်းသစ်ခြင်းဖြစ်ကြောင်း အစ်ကိုများက အမြဲနားသွင်းထားသဖြင့် ခင်ချစ်ချစ်ခိုင်သည် မိမိ၏ ရိုးစင်းသောအလှအပေါ် သိမ်ငယ်ခြင်း လုံးဝမဖြစ်ပါချေ။

"ယောက်မ ရောက်နေပြီလား"

"အင်း ... ရော့ မင်းအတွက် ကိုယ့်ဘတ်ဒေးပရဲစင့်"

"သိုင့်ခ်"

"ဘယ်မှာ လဲ ဇော်ကို"

"လာမှာ ပေါ့ကွာ ... ဖြည်းဖြည်းပေါ့ ကိုယ် ပြောထားပြီးပါပြီ၊ မင်းတို့ ဝိုင်းမှာ ခုံလွတ်တစ်ခု ချန်ထားနော်"

"စိတ်ချ ... အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက်မယ်"

ခင်ချစ်ချစ်ခိုင်မျက်နှာ ထူပူနေသည် ။ မင်းသား တစ်ယောက်အတွက် ဆယ်ကျော်သက်ကလေး များကဲ့သို့ ရင်ခုန်စွာ စောင့်ဆိုင်းနေကြသော သူငယ်ချင်းများ အစား သူမ မျက်နှာပူနေသည် ။

ဖြစ်နိုင်လျှင် ဤဝိုင်းမှ ထသွားချင်သည် ။ သို့သော် ဤနေရာ ဤဌာ

နတွင် သူမနှင့် အရင်းနှီးဆုံး မိတ်သင်္ဂဟများမှာ ယခုသူငယ်ချင်းများ ထက်ပိုသူကို ရှာဖွေမတွေ့ရှိ၍ သည်းခံကာ မျက်နှာပူပူနှင့် ထိုင်နေရခြင်းဖြစ်သည် ။

"ကိုယ် လိုက်ဧည့်ခံလိုက်ဦးမယ်"

"သွားပါ ... ရပါတယ်၊ ကိုယ်တို့ ကအခြားသူမှ မဟုတ်ဘဲ၊ သူစိမ်းတွေပဲဟာ"

ရယ်စရာမဟုတ်ဘဲ ရယ်ပွဲ ဖွဲ့နေကြသော သူငယ်ချင်းများကိုကြည့်ကာ ခင်ချစ်ချစ်ခိုင် နောင်တရ သလို ဖြစ်သွားသည် ။

"ဒီလိုမှန်းသိလျှင် ကိုကိုလတ်ကို စောင့်ခိုင်းထားပြီး မွေးနေ့လက်ဆောင်ပေးပြီးတာနှင့် ပြန်လိုက် သွားလျှင် ပြီးပြီ"ဟု တွေးကာ ငေးနေမိသည် ။

တီးလုံးသံညံစီစီကို ခင်ချစ်ချစ်ခိုင် နားသောတအာရုံ၌ ပူညံညံဟု စိတ်အနှောင့်အယှက် ဖြစ်နေသည် ။

အစ်ကိုတွေ ဂစ်တာတီးသည် ကိုလည်း ကြားဖူးပါသည် ။ ဗွီဒီယိုအခွေများ လည်း ကြည့်ဖူးပါသည် ။ သို့သော် ... ယခုလို အနီးကပ် တီးဝိုင်း နားနေရသောအခါ နားမခံသာအောင် ဖြစ်နေသည် ။

ဒန်ပေါက်ထမင်းကို ဇိမ်ဆွဲကာစားရင်း ပတ်စီကိုငုံရင်းနှင့် ထုံးစံအတိုင်း လှုပ်လီလှုပ်လဲ့ တမြို့မြို့ ဝါးနေစဉ် ...

ဖြောင်း ... ဖြောင်း .... ဖြောင်း

ညက်ညက်ဝါးနေသော ကြက်သားဖက်လေးပင် မကျေတကျေနှင့် လည်ချောင်း၌ နင်သွားသည် ။

လက်ခုပ်သံတွေ နားကွဲမတက် ဆူညံသွားသည် ။ ခင်ချစ်ချစ်ခိုင် စားပွဲဝိုင်း၌ အကဲဆုံးဖြစ်သည် ။

"မိုက်တယ်ကွာ အဖြူရောင်နဲ့ လည်း မိတာပဲ"

"ဟဲလ်စတိုင်တစ်မျိုး ဖြစ်မနေဘူးလား"

"ကြွေပြီကွာ ... ကိုယ်တော့ တစ်ပတ်လောက် ထမင်းစားနိုင်တော့မယ်မထင်ဘူး"

တစ်ယောက်တစ်ပေါက် ပြောနေကြသော သူငယ်ချင်းများကို ခင်ချစ်ချစ်ခိုင် ခပ်ကြောင်ကြောင် လေး လိုက်ကြည့်မိသည် ။

သူတို့ ကတော့ ခင်ချစ်ချစ်ခိုင်ကို အရေးမစိုက်၊ သူတို့ မျက်လုံးအစုံများ သည် စင်ပေါ်သို့ ရောက်နေကြသည် ။

စင်ပေါ်မှ အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့် ကုတ်အင်္ကျီရင်ဘတ်၌ နှင်းဆီပွင့်သေးတစ်ပွင့် ထိုးထားသည့်ဖော်ကို။

"ဟင်း"

ခနဲ သက်ပြင်းချမိသည် ။ ယောကျ်ားတန်မဲ့ ဒီလောက်ချောလွန်းလျှင် မကောင်းပါဘူးဟု လည်း မှတ်ချက်ချအတွေးဖြင့် ငေးကြည့်မိစဉ် ...

"ဟင်"

ဒိန်းခနဲ ရင်၌ တော်လည်း မြည်ဟည်းသွားသည် ။

အို ... စူးရှ တောက်ပြောင် ဝင်းလတ်သော မျက်လုံးအစုံက မိမိထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခြင်းကြောင့်ပင်။

ရင်တွင်း ထူးကဲသော လှုပ်ရှားမှုဝေဒနာကြောင့် မျက်လွှာချကာ သူ့အကြည့်ကိုရှောင်ဖယ်ပြီး ပက်စီကို ငုံကာစုပ်လိုက်သည် ။

ပက်စီရည်က ရင်ထဲပူ၍ ရှတတလေး စီးဆင်းသွားသည် ။

ရဲတင်းလိုက်သည့် အကြည့်။ ချူကလီးယား များ သော အကြည့်မျိုး ဆိုတာ ဒါမျိုးထင်သည် ။ ရုပ်ရှင်မင်းသားရယ်လို့ မပြောရဘူး။ အကြည့် ရိုင်း၌ စွမ်းအားများ စွာပါသည် ။

"ဒီဝိုင်းကိုကြည့်တယ်ကွ၊ ဘယ်သူဟာ ကံထူးရှင် ဖြစ်မလဲဘဲ"

ခင်ချစ်ချစ်ခိုင် သက်ပြင်းသူခိုးလေး ချလိုက်သည် ။

နောက်ထပ်တစ်ဖန် အကြည့်ချင်းဆုံမှာ စိုးသဖြင့် စတိတ်ပေါ်သို့ မကြည့်မိစေရန် သတိထားလိုက် သည် ။

စောစောက ရင်ထဲလှုပ်ခတ်ရသော ဝေဒနာရပ်မျိုး ထပ်မံခံစားရမှာ စိုးကြောက်လွန်း၍ ဖြစ်သည် ။

မျက်နှာလည်း အထားရခက်ပါသည် ။ ယခုတိုင်အောင် ထူပူဆဲဖြစ် သည် ။

ရေမွှေးနံ့ပေါင်းစုံကြားက ထူးကဲသော အနံ့တစ်နံ့ တိုးလာသည် ။

နှင်းဆီနံ့ထင်သည် ။ Tree Roses အနံ့မျိုးလည်း မဟုတ်။

"အရမ်းကောင်းတာပဲ ကိုဇော်ရယ်၊ လုပ်ပါဦး၊ အော်တိုရေးပေးပါဦး"

"ဘာဖြစ်လို့ ဒီလောက်တော်နေရတာလဲ ကိုဇော်ရယ်"

ခင်ချစ်ချစ်ခိုင် တစ်ကိုယ်လုံး မီးဖိုထဲ ပစ်ချခံရသည့်နှယ် ခံစားလိုက် ရသည် ။

အနားက ခုံလွတ်၌ သူထိုင်နေသည် ။ မိမိနှင့် အနီးကပ်ဆုံး၌ နာမည်ကြီး ရုပ်ရှင်မင်းသား တစ်ယောက် ရှိနေခြင်းကို ခင်ချစ်ချစ်ခိုင် မ နေတတ်။ ရှက်ရွံ့စွာ ခံစားနေရသည် ။ လာမိတာ မှားပြီဟု လည်း နော

င်တကြီးစွာ ရနေသည် ။

"ယူ့အတွက်ကော ဘယ်မှာ ရေးပေးရမလဲ"

"ရှင် ..."

ခင်ချစ်ချစ်ခိုင် ဝိုင်းစက်သော မျက်လုံးအစုံဖြင့် သူ့အား တအံ့တသြကြည့်လိုက်သည် ။

သူ့အရပ်ကြီးက မိုးထိုးကာ ခင်ချစ်ချစ်ခိုင်အား ဆီးကြည့်ညွှတ်ကိုင်းကာ အနီးကပ်ဆုံး အနေအထား၌ ရှိနေလေသည် ။

သူ ဘာကိုဆိုလိုသနည်း။

"မင်းအတွက် အော်တို ဘယ်မှာ ရေးပေးရမလဲလို့ မေးတာ၊ စကားတတ်ပါတယ်နော်"

ခင်ချစ်ချစ်ခိုင်၏ ရှက်ရွံ့မှု မွေးညင်းကလေးများ ထောင်ထလာသည် ။ ခေါင်းနားပန်းကြီး သွားသည် ။ လူက ကြောက်စရာကောင်းအောင် ချောမောသည် မက သူ့အပြောနှင့် အသံကလည်း သံလိုက်ဓာတ်အပြည့် ပါနေသည် ကို ထိတ်လန့်စွာ ရင်ဆိုင်လိုက်ရသည် ။

"ပြောလေ ... သိုးမလေး"

"ဟို ... ဟို ... မပါ- ဘယ်မှာ မှ မရေးနဲ့ "

ထစ်ထစ်ငေါ့ငေါ့ ပြောဆိုလိုက်မိသည့်အတွက် မိမိကိုယ် မိမိ စိတ်တိုသွားသည် ။ လူလူချင်း ဘာကြောက်စရာလိုသလဲဟု အားပေးပါသော်လည်း သူနှင့် မျက်လုံးချင်း ရင်မဆိုင်ရဲ။ သူ့မျက်လုံးသည် ကြောက်စရာကောင်းလောက်အောင် စူးရှလှပလွန်းနေသည် က ခက်သည် ။

လူကိုများ သိုးမလေးတဲ့ ။ စီးစီးပိုးပိုး။ သို့သော် ဘာမှ ပြန်လှန်

မပြောဝံ့။ သူသာ မိမိတို့ အပါးမှ အမြန်ဆုံး ထွက်ခွာသွားပါစေ ဆုတောင်းလိုက်သည် ။

"ဒါဖြင့် ပေး"

"အို ..."

နှာမွှန်သလိုလိုဖြစ်၍ ကိုင်ထားသော လက်ကိုင်ပဝါဖြူလေးကို ဆတ်ခနဲ သူဆွဲယူလိုက်သည် ။

သူ့လှုပ်ရှားမှုက မြန်ဆန်လွန်းအားကြီးသည် ။ စားပွဲပေါ်၌ ဖြန့်ခင်းကာ သူ၏ ငွေရောင် ဘောလ်ပင်လေးကို သွက်လက်စွာ လှုပ်ရှားရေးသွားသည် ။

"ကျေးဇူးတင်ပါတယ်၊ သွားမယ်နော်၊ နောက်တွေ့လည်း လုံးဝမခေါ်နဲ့ ၊ မမြင်ဟန်ဘဲပြုသွား၊ ကြားလား"

"ဟုတ် ... အဲ့ ..."

ရမ်းယောင်ကာ ခေါင်းညိတ်လိုက်သည် ။ သူက 'ဟက်ခနဲ' တစ်ချက် အသံပြုကာ လှလှပပ ရယ်ပြသွားပြီး ခင်ချစ်ချစ်ခိုင်တို့ စားပွဲမှ ထွက်ခွာသွားသည် မှ တောက်လျှောက်ပင်။

သို့သော် ... သူ့ခမျာ သူ၏ အပြန်ခရီး မဖြောင့်ဖြူးရှာပါ။ လမ်းခရီး၌ အော်တိုစာအုပ်နှင့် ဘောလ်ပင်လေးများ ထိုးခံနေခြင်းကို ဖြေရှင်းပေးနေရရှာသည် ။

"ချစ်ချစ်တို့ တော့ ထီပေါက်တာပဲ"

စားပွဲပေါ်တွင် ဖြန့်ခင်းလျက်ရှိနေသော လက်ကိုင်ပဝါလေးကို ခင်ချစ်ချစ်ခိုင် မကိုင်ရဲသေးပါ။ သူထားသည့်အတိုင်းရှိနေဆဲ-

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝေဖန်မှုပြုနေသံများသည် ခင်ချစ်ချစ်ခိုင် အာရုံထဲ မဝင်တော့ပါချေ။ အသက်ရှူချောင်သွားသည် ။ ကျဉ်းကျပ် မွန်းလျှောင်နေသော စိတ်လိပ်ပြာကလေး လွတ်လပ်သွားသည့်နှယ် ရှိသည် ။

အေးစက်၍ အနည်းငယ် တုန်ယင်သယောင်ဖြစ်နေသော လက်ကလေးနှင့် လက်ကိုင်ပဝါဆီ လက်လှမ်းလိုက်သည် ။ လက်ကိုင်ပဝါပေါ် နှင်းဆီကလေးတင်လျက် ထားခဲ့ပါလား။ အနုပညာဆန်သော လက်ရေးများ နှင့် ယောကျ်ားလက်ရေးကို ခင်ချစ်ချစ်ခိုင် ပီသစွာ တွေ့မြင်လိုက်သည် ။

ကြွေရုပ်ကလေး ...

ချစ်ခြင်း၊ မုန်းခြင်း နားလည်ခံစားတတ်ပါစေ။

ဇော်ကို

ရင်ဝယ် ထူးထူးခြားခြား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည် ကိုတော့ ခင်ချစ်ချစ်ခိုင် သိရှိခံစားလိုက် ရလေပြီ။

*         *         *

## အခန်း(၂)

"ကိုကိုကြီး မိန်းမယူတော့မယ် ဟုတ်လား"

ခင်ချစ်ချစ်ခိုင် အံ့အားသင့်သွားသည် ။ လူ့လောကဓမ္မတာကို မိမိမေ့လျော့နေခြင်းအဖြစ်ကို သတိရလိုက်မိသည် ။

အချိန်တန် အရွယ်ရောက်လာလျှင် အိမ်ထောင်သားမွေးဓမ္မတာကို ပြုလုပ်တတ်ကြသည် ထင်ပါသည် ။ ကိုကိုကြီးအသက် ၃၀ ရှိပြီပဲ။

ခင်ချစ်ချစ်ခိုင် သက်ပြင်းငွေ့ငွေ့ကလေး ချလိုက်သည် ။

"ဘယ်သူနဲ့ လဲဟင်"

"ဒေါက်တာခွာညိုနဲ့ လေ"

"ဩော် ... သူငယ်ချင်းဆို"

"ဘင်္ဂလားသူငယ်ချင်းပေါ့"

"ကိုကိုလတ်ကော ဘင်္ဂလားသူငယ်ချင်း ရှိပြီလား"

"ခေါက်ထည့်လိုက်ရ ... ဘာလုပ်ရမှာ လဲ ခြေချုပ်မိတယ်"

"ကိုကိုလတ်မဟုတ်ရင် ကိုကိုငယ်ကော"

"ကလေးက ကလေးလိုနေစမ်း၊ စိတ်ညစ်ရတဲ့ အထဲ"

ခင်ချစ်ချစ်ခိုင် နားမလည်။ ကိုကိုကြီး လက်ထပ်သည့်ကိစ္စတွင် ကို

ကိုလတ်နှင့် ကိုကိုငယ်က ဘာကြောင့် စိတ်မကောင်းဖြစ်ရသနည်း။

"ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ"

"ခွေးစုတ်မလေး၊ ဘာမှ လည်း မသိဘူး၊ အိမ်ခွဲမနေဘူးတဲ့ ဟ ..."

"ပိုကောင်းတာပေ့ါ၊ ကိုကိုကြီးကို မခွဲရတော့ဘူး"

"ဒါကြောင့် နင့်အတွက် ကိုကိုလတ်တို့ က စိုးရိမ်တာ၊ နင်ဟာ က လေးလိုကလွဲပြီး ဘာမှ တိုးတက် မလာဘူး၊ ဟိုက အုပ်စီးသွားမှာ ပဲ"

"ဘာဖြစ်လဲ အစ်ကိုကြီးမိန်းမဆိုတာ အစ်မကြီးပဲပေ့ါ၊ အစ်မကြီး အ မိအရပဲ၊ ခင်ချစ်ငယ်လေး ချွဲဖို့ တစ်ယောက်တိုးတာပေ့ါ"

"သေလိုက်ပါတော့ ချစ်ငယ်လေးရယ်၊ ဒါကြောင့်လည်း အတွက် စိ တ်မချဘဲ ကျူပ်ရည်းစားထား ဖို့ တောင် နောက်ဆန်တင်းရတယ်"

ကိုကိုလတ်တို့ မေတ္တာတရားကို ခင်ချစ်ချစ်ခိုင် နားလည်ပါသည် ။ သို့သော် သူစိမ်းဖက်ရုံမျှနှင့် ညီအစ်ကိုမောင်နှမများ သွေးကွဲသွားမည် ဆိုသောစကားကိုတော့ လက်မခံချင်ပါ။

"မဖြစ်ပါဘူး ကိုကိုလတ်ရာ၊ ကျွန်တော်တို့ နှစ်ယောက် ဖေဖေ့ကို အ ရေးဆိုကြည့်တာပေ့ါ သီးသန့်အိမ် ခွဲထားဖို့ "

ကိုကိုငယ်ကပါ ဝင်ပြောလိုက်သောအခါ ခင်ချစ်ချစ်ခိုင် တွေဝေရသ ည် ။

လူ့လောက၏ ရှုပ်ထွေးသော လူမှုရေး ပြဿနာများကို သူမ နားမလ ည်နိုင်ပါ။

"နေပါစေကွာ ... ဖေဖေက ဥမကွဲ သိုက်မပျက်နေချင်လို့ ဖြစ်ပါလိမ့် မယ်၊ နေကြည့်ကြသေး တာပေ့ါ"

"မင်္ဂလာဆောင်က ဘယ်တော့လဲ"

"အင်းလျားလိတ် ရက်ချိန်းရတဲ့ နေ့ပဲ"

"ချစ်ငယ်လေးကို အရံမလုပ်ခိုင်းတာ မလွန်ဘူးလား"

ကိုကိုငယ်က မကျေနပ်ချက်များကို ဖွင့်ဟလိုက်သည် ။

ခင်ချစ်ချစ်ခိုင်က ဝမ်းသာသွားသည် ။

"ချစ်ငယ်လေးအရံမလုပ်ရဘူး ဟုတ်လား ... ဝမ်းသာလိုက်တာ၊ နို့မို့ဆို လူကြားထဲ ကြောင်စီစီနဲ့ နေရမယ့်အလုပ် စိတ်ညစ်လွန်းလို့ ၊ လုပ်မခိုင်းတဲ့ လူကို ဦးတောင် ချချင်တယ်"

"အေး ... ကောင်းတယ်၊ ချစ်ငယ်လေးက ကြပ်ကြပ်ရိုးသားလေ ဟိုက အခွင့်အရေး ပိုရလေပဲဖြစ်မှာ ၊ သိပ်ကို သဘောမကောင်းစမ်းနဲ့ ညီမလေးရာ၊ လောကကြီးမှာ တစ်ခါတစ်ရံ သဘော ကောင်းနေလို့ မဖြစ်တဲ့ နေရာတွေ အများကြီး ရှိတယ်"

ခင်ချစ်ချစ်ခိုင် ဇက်ကလေးပု လျှာကလေးတစ်လစ်နှင့်သာ နေလိုက်သည် ။ အစ်ကိုနှစ်ဦး ဆွေးနွေးနေမှုကို နားထောင်သမားသက်သက် လုပ်နေလိုက်သည် ။

ဒေါက်တာခွာညိုသည် သူ့ခြေသူ့လက်ဖြစ်သည် ။ စေ့စပ်ပွဲ၊ ဧည့်ခံပွဲအတွက် သူမညွှန်ကြားသမျှ ကိုသာ အတည်ဖြစ်စေသည် ။ ကိုကိုကြီးသည် ရုပ်သေးရုပ်သက်သက် ဖြစ်နေသောအခါ ညီနှစ်ယောက်က အားမလိုအားမရဖြစ်ကာ ဒေါသထွက်နေခြင်း ဖြစ်သည် ဟု ခင်ချစ်ချစ်ခိုင် သဘောပေါက်ကာ ....

"စိတ်ကောင်းကောင်း ထားကြ၊ ကိုယ့်အလှည့်ရောက်လာကြ ဦးမှာပဲဟာ"

ဟု မထိခလုတ်ထိခလုတ်ပြောပြီး ပြေးထွက်ခဲ့သည် ။

"ခွေးစုတ်မလေး"

ပြေးနိုင်မှ ခေါင်းပူသက်သာမည်။ အစ်ကိုများ သည် ခင်ချစ်ချစ်ခိုင်အား ချစ်သည် မှာ မှန်သည် ။ သို့သော် ... အသည်းယားကာ ခေါင်းခေါက်တတ်သဖြင့် ခင်ချစ်ချစ်ခိုင် ခေါင်းကျိန်းရပေါင်းများ ပြီ။ ထို့ကြောင့် အစ်ကိုများ အသည်းယားစေမည့်စကားပြောပြီးလျှင် သူတို့ လက်ခေါက်နှင့် ဝေးရာသို့ ခင်ချစ်ချစ်ခိုင် ပြေးထွက်တတ်ခြင်းဖြစ်သည် ။

"ဟဲ့ ..."

"ဟင် ... ကန်တော့၊ မမခွာညို"

ထမင်းစားခန်းမှ ပြေးအထွက်၌ ဧည့်ခန်းမှ ဝင်လာသော ကိုကိုကြီးတို့ စုံတွဲနှင့် တိုက်မိသွားသည် ။

ခင်ချစ်ချစ်ခိုင်က ပြာပြာသလဲပင် တောင်းပန်လိုက်သည် ။

"ရပါတယ်ကွယ်၊ မမကတော့ အခြားလူမဟုတ်လို့ ကိစ္စမရှိဘူး၊ ဒါပေမဲ့ .... အခြားဧည့်သည် တွေ ရှေ့သာဆိုရင် တော်တော်ဣန္ဒြေမဲ့တဲ့ အပြုအမူပဲ၊ နောက်ကို ဆင်ခြင်ပေါ့ကွယ်"

ခင်ချစ်ချစ်ခိုင် ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားသည် ။ ရင်ထဲ၌ အောင့်သက်သက် ဝေဒနာကို လည်း ခံစားလိုက်ရသည် ။ ကိုကိုကြီးကို အားကိုးတကြီး မော့ကြည့်လိုက်သောအခါ ကိုကိုကြီးက အားပေးအပြုံးဖြင့် ပြုံးပြပြီး ...

"ချစ်ငယ်လေးက ဒီလိုပဲ၊ ကလေးဆန်တယ်"

"ဒီအရွယ် ... ဒီအပြုအမူမျိုးကို မောင်တို့ ကတော့ ကိုယ့်ညီမဆို

တော့ ကလေးဆန်တယ်ဆိုပြီး ခွင့်လွှတ်နိုင်ကြပေမယ့် သူစိမ်းတွေနဲ့ ကျ တော့ ရုပ်ပြာပြာနဲ့ ဆတ်စလူးပုံစံ ပေါက်နေရော၊ ကိုယ်ညီမတော် ရမယ့် သူမို့လို့ ခွာညိုကတော့ အမြင်မတော်ရင် ပြောမှာ ပဲနော်မောင်"

"ပြောပါ ... ရပါတယ်၊ မောင်တော့ ခွာညိုလက်ထဲကိုပဲ ချစ်ငယ် လေးကို အပ်ရမှာ ပဲ ချစ်ငယ်လေး-"

"ရှင် .... ကိုကိုကြီး"

"မမခွာညို သွန်သင်ဆုံးမတာကို နားထောင်နော်"

"ဟုတ် ... ဟုတ်ကဲ့ ကိုကိုကြီး"

ခင်ချစ်ချစ်ခိုင် မှုကြုံအရွယ် ကလေးငယ်တစ်ဦးနှယ် ရိုကျိုးပြလိုက် သည် ။ ဒီကိစ္စ မြန်မြန်ပြတ်မှ ဖြစ်မယ်၊ တော်တော်ကြာ ကိုကိုလတ်နှင့် ကိုကိုငယ်တို့ ကြားသိပြီး ပြဿနာတွေပိုရှုပ်ကုန်မှာ စိုးရသဖြင့် ပြီး ပြီး ရောသဘောနှင့် ခေါင်းညိတ်ကာ သူတို့ မြင်ကွင်းမှ ဝေးရာသို့ ရှောင်ထွ က်ခဲ့သည် ။

ဖခင်၏ အုပ်ချုပ်မှုအောက်ဝယ် ငြိမ်းချမ်းသော မိသားစုအသိုက်အဝ န်းလေးထဲသို့ ဒေါက်တာ ခွာညိုရောက်ရှိလာခြင်းသည် ပူလောင်ရှုပ်ထွေးသွားလိမ့်မည် မဟုတ်ဟု ခင်ချစ်ချစ်ခိုင် ထင်ပါသည် ။

စိတ်ရှုပ်ရှုပ်နှင့် အိမ်ရှေ့စားပွဲပေါ်မှ မဂ္ဂဇင်းစာအုပ် သုံးအုပ်မျှဆွဲယူပြီး မိမိအိပ်ခန်းရှိရာသို့ တက်ခဲ့ သည် ။

အခန်းတံခါးပိတ်ကာ အိပ်ရာပေါ်သို့ လှဲချလိုက်သည် ။

တံခါးက မပိတ်၍ မဖြစ်။ တံခါးဖွင့်ထားလျှင် အစ်ကိုများကဝင်ကာ ... နေမကောင်းဘူးလား၊ ဘာဖြစ်လို့ အိပ်နေတာလဲ၊ ပျင်းနေသလား၊ ဘ ယ်သွားချင်သလဲ၊ ဘာလိုချင်သလဲဟု မေးကြပေလိမ့်မည်။

ဟူးခနဲ သက်ပြင်းချလိုက်မိသည် ။ အစ်ကိုများ ထဲတွင် ကိုကိုကြီးက တော့ ပါတော့မည်မထင်ပါ။

ကိုယ်ကအငယ်ပဲလေ၊ ပြောစကား နားထောင်နေလိုက်လျှင် အခက် အခဲ တွေ့မည် မဟုတ်ဘူး ဟု ထင်ပါသည် ။

သန်ဘက်ခါစေ့စပ်ပြီး တစ်ပတ်အကြာတွင် တရားရုံး၌ လက်မှတ်ထိုးပြီး လက်ထပ်လိုက်ကြ တော့မည်။

အင်းလျားလိပ် ရက်ချိန်းရမှ ညည့်ခံပွဲလုပ်မည်။ ဘာဖြစ်၍ များ ထိုကဲ့ သို့လုပ်ပါလိမ့်။ တစ်ခါတည်း ပဲဘိသိက်သွန်းကာ မင်္ဂလာမဆောင်ဘူး လား။

ခင်ချစ်ချစ်ခိုင် သက်ပြင်းတစ်ချက် ထပ်မံချလိုက်ပြန်သည် ။ ရင်ထဲမှာ ပူလောင်သကဲ့သို့ ခံစားနေ ရသဖြင့် အာရုံလွှဲပြောင်းရန် မဂ္ဂဇ င်းတစ်အုပ် ဆွဲယူလှန်လိုက်သည် ။

"ဟင်"

ဇော်ကို၏ စတိုင်လှလှနှင့် ညို့အားကောင်းသော မျက်လုံးများက မိမိ အား ရွှန်းလက်စွာကြည့်နေ သည် ။

ရင်ထဲ လှုပ်လှုပ်ခတ် ဖြစ်သွားရပြန်သည် ။

သူငယ်ချင်းတွေ စပြောင်သည့်ကြားမှ ရှက်ကိုးရှက်ကန်းနှင့် လက် ကိုင်ပဝါနှင့် နှင်းဆီပန်းနီလေး ကိုပိုက်ဆံအိတ်ထဲ ထည့်ခဲ့ရသည့်အဖြစ် ကို သတိရလာသည် ။

အိမ်ရောက်တော့ လက်ကိုင်ပဝါလေးကို မီးပူပြန်တိုက်ကာ ပန်းစာ အိတ်လှလှလေးထဲ ခေါက်ထည့်ကာ အသုံးပြုနေကျ စလင်းဘတ်အိတ် ထဲ ထည့်ထားလိုက်သည် ။

ပန်းလေးကိုတော့ ဒိုင်ယာရီစာအုပ်ကြားထဲညှပ်ထားလိုက်သည် ။

ခင်ချစ်ချစ်ခိုင် ပြုံးလိုက်မိသည် ။

မိမိ စိတ်ကူးယဉ် သိပ်ဆန်သွားပြီ။ ရုပ်ရှင်မင်းသားတစ်ဦးက အမှုမဲ့ အမှတ်မဲ့ ပြုမူသွားသော အပြုအမူပေါ် အမှတ်တရဖြစ်နေခြင်းဖြစ်သည် ။ ရူးသွပ်ရာ ကျနေပြီထင်ပါသည် ။

စာစောင်တွေ၌ လူပျိုပါဟု ဖော်ပြထားသော်လည်း ခင်ချစ်ချစ်ခိုင် မယုံကြည်ပါ။ လူထုကို ဖမ်းစားနိုင်စွမ်းရှိသော ရုပ်ရှင်မင်းသားတစ်ဦးအား ခင်ချစ်ချစ်ခိုင် မခင်မင်ရပါ၊ စွဲလမ်းခြင်းလည်း မရှိခဲ့ပါ။ သူငယ်ချင်းတွေက "ဇော်ကို ... ဇော်ကို"ဖြစ်နေချိန်၌ လည်း ခင်ချစ်ချစ်ခိုင်၌ ဖေးဗရိတ်မင်းသား၊ မင်းသမီးရယ်ဟူ၍ မရှိခဲ့ပါချေ။

တာရာဒေဝီ မွေးနေ့ပွဲ၌ အမှတ်မထင် ပိတ်ကားဖန်သား၊ စက္ကူပြင်ပေါ်မှ မင်းသားတစ်ဦးကို အရှင်လတ်လတ် တွေ့မြင်လိုက်သောအခါ ခင်ချစ်ချစ်ခိုင် အံ့သြသွားခဲ့သည် ။

မိတ်ကပ်ကြောင့် ချောမောလှပခြင်းဖြစ်မည်ဟု ထင်ထားသော်လည်း အထင်နှင့်အမြင် လွဲမှား သွားခဲ့သည် ကို 'ဇော်ကို' ကိုမြင်မှ သိလိုက်ရသည် ။

ရုပ်ရှင်မဂ္ဂဇင်း မျက်နှာဖုံးကို ဖယ်ရှား လှန်လှောပစ်လိုက်သည် ။

ဇော်ကို၏ စက်ကွင်းက မကင်းလွတ်ချေ။ တွေ့ဆုံခန်း၌ သူပါနေပြန်သည် ။

"နိုးနိုးချင်း ပထမဦးဆုံးအလုပ်က ဘုရားရှိခိုးမေတ္တာပို့တဲ့ အလုပ်ပဲ" တဲ့ ။

ခင်ချစ်ချစ်ခိုင် ပခုံးတွန့်လိုက်သည် ။

"အလားညာနေတာ၊ ဒီရုပ်လား လုပ်မယ့်ရုပ်"

ဒေါက်-ဒေါက်-ဒေါက်

"လုပ်ပြီကွာ"

ခင်ချစ်ချစ်ခိုင် စိတ်ညစ်သွာသည် ။

"ဘယ်သူလဲ"

"ကိုငယ်"

"ဘာလုပ်မလို့ လဲ"

"ညည်းကို ဗိုလ်ချုပ်ဈေးလိုက်ပို့မလို့ "

"ဘာဝယ်ရမှာ လဲ"

"မင်္ဂလာဆောင်အတွက် ဝတ်စုံချုပ်ထားဖို့ ပေ့ါ"

"ဟာ .. အများကြီးရှိတာပဲ"

"ရှိရှိ ... မန္တလေး ရက်ကန်းစင်ကို တောင်လွန်းသုံးရာ မှာ လိုက်ပြီ"

"လုပ်လိုက်ဟ"

"ကဲ ... ပြင်ပြင် ... ကိုကိုငယ် စောင့်နေမယ်"

"အင်း"

ခင်ချစ်ချစ်ခိုင် မတတ်နိုင်တော့။ လက်ထဲမှာ စာအုပ်ကို မချချင်သဖြင့် သူ၏ ရှိုးပြထားသောပုံများ ကိုကြည့်ရင်း နောက်ဆုံးစာပိုဒ်လေးကို မျက်စိရောက်သွားသည် ။

"အိမ်ထောင်ပြုဖို့ စိတ်ကူးရှိရဲ့ လား"

"ဘယ်နှယ့် မေးလိုက်ပါလိမ့် ရှိတာပေ့ါဗျာ၊ လူမှန်ရင် အချစ်ရှိရမှာ ပဲ ၊ အချစ်ရှိလာရင်တော့ အိမ်ထောင်ပြုမှာ ပဲပေ့ါဗျာ"

"ဒီလိုဆိုရင် အိမ်ထောင်မပြုသေးတာ အချစ်မရှိသေးလို့ လို့ ဆိုလိုတာပေ့ါ ဟုတ်လားကိုဇော်"

"အချစ်ဆိုတာ ဖန်တီးယူလို့ ကောင်းတဲ့ အရာမဟုတ်ဖူးလို့ ကျွန်တော်ယူဆတယ် ကို ...."

ခင်ချစ်ချစ်ခိုင်သည် တိုးလို့ တန်းလန်းနှင့် ပြတ်တောက်သွားသော သတင်းဆောင်းပါး တွေ့ဆုံခန်းကိုမကျေမနပ်ဖြစ်သွားမိသည် ။ စာအုပ်ကိုချခဲ့ကာ ဗိုလ်ချုပ်ဈေးသွားလာဖို့ ပြင်ဆင်ရ တော့သည် ။

ကိုကိုငယ်တို့ က မိမိအား ဘာတွေဘယ်လို ဆင်မြန်းပေးဦးမည်မသိ ။ စိတ်ကျဉ်းကျပ်သော အဝတ်အစားများ ဝတ်ရဦးမှာ လား။

စိတ်ညစ်ပါသည် ။ တစ်ခါတစ်ရံ အစ်ကိုတွေကြား၌ တစ်ဦးတည်းသော ညီမလေး ဖြစ်ရခြင်းကို စိတ်ညစ်ရသည့်အခါလည်း ရှိတတ်သည် ။

ဒေါက်-ဒေါက်-ဒေါက်

"တံခါးပိတ်ပြီး ဘာလုပ်နေတာလဲ မြန်မြန်လုပ်စမ်း"

ကိုကိုလတ်အသံ။

"ကိုကိုလတ်ပါ လိုက်မလို့ လား"

"အေး ... ဖွင့်စမ်း- ဘာတွေဝတ်ထားမှာ လဲ"

ခင်ချစ်ချစ်ခိုင် အိပ်ခန်းတံခါး ဖွင့်ပေးလိုက်သည် ။

"ဘာရောင်ဝတ်မလို့ လဲ- အဝါရောင် ရယ်ဒီမိတ်နဲ့ ကီမိုနိုအဝါဝတ်"

ကိုကိုလတ်တို့ က အလုအပကို ဂရုစိုက်လွန်းအားကြီးသည် ။ သူတို့နှင့် ဆင်တူလည်း မိမိအား ဝတ်ဆင်စေတတ်သည် ။

သူကိုယ်တိုင် ဗီရိုဆွဲဖွင့်ကာ ခင်ချစ်ချစ်ခိုင်အတွက် အင်္ကျီနှင့်လုံချည်ဆွဲထုတ်ပေးပြီး ခေါင်းခေါက် ကာထွက်သွားလေသည် ။

ကိုကိုလတ် မိန်းမယူသွားလျှင်ကော မိမိကို ဤကဲ့သို့ ဂရုစိုက်နိုင်ပါမည်လား။

ခင်ချစ်ချစ်ခိုင် သက်ပြင်းငွေ့ငွေ့ ချလိုက်သည် ။ တတ်နိုင်လျှင် အစ်ကိုသုံးယောက်စလုံး တစ်ယောက်မှ မိန်းမ မယူစေချင်ပါ။

သို့ဆိုလျှင် မိမိမတရားရာ ရောက်ပေမည်။ သဘာဝပေပဲ။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြပေ တော့မည်။

*            *            *